# နိဒါန်း

**ဝံသကျမ်းများ** “ဝန္နော့တိ ပဗ္ဗရတီတိ ဝံသော-သန္တာနော” ဟူသော ဏှာဒိမောဂ္ဂလာန် ဝိဂြိုဟ်၊“ဝံသော တန္တိပဝေဏီ” ဟူသော မဟာဝံသဋီကာနှင့်အညီ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရွှပြွတ်ကို ပြဆိုသော ကျမ်းများသည် “ဝံသကျမ်း” မည်၏၊ ထိုဝံသကျမ်းသည် (၁) ဗုဒ္ဓဝင်၊ (၂) အနာဂတဝင်၊(၃) ဒီပဝင်၊ (၄) မဟာဝင်၊ (၅) ဗောဓိဝင်၊ (၆) ဒါဌာဓာတုဝင်၊(၇)နလာဋဓာတုဝင်၊(၈)ထူပဝင်၊(၉)ရွှေပြည်ဝင်နှင့်တကွ ဆံကေသဓာတုဝင်၊ သာသနာဝင်၊ ဂန္ထဝင်၊ ရာဇဝင် စသောအားဖြင့် များစွာရှိလေသည်၊

**၁။ ဗုဒ္ဓဝင်ကျမ်း၊** ပွင့်တော်မူပြီးကုန်သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရွှပြွတ်ကို ပြဆိုသော မူလ ဗုဒ္ဓဝင်ပါဠိတော်၊အရှင်မဟာ ဗုဒ္ဓဒတ္တတော်၏ စီရင်တော်မူအပ်သော ဗုဒ္ဓဝင်အဋ္ဌကထာ၊ အရှင်သောဘိတထေရ်၏ စီရင်တော်မူအပ်သော ဗုဒ္ဓဝင်ဋီကာ-များနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော ဗုဒ္ဓဝင်ပါဠိတော်နိဿယ၊ ဗုဒ္ဓဝင်အဋ္ဌကထာ နိဿယ၊ ဗုဒ္ဓဝင်ဝတ္ထုဟူ၍ ရှိလေသည်၊

**၂။ အနာဂတဝင်ကျမ်း၊** ပွင့်တော်မူလတ္တံ့သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အရွှပြွတ်ကို ပြဆိုသော မူလ အနာဂတဝင် ပါဠိတော်၊ သီဟိုဠ်ကျွန်း အရှင်မဟာဥပတိဿထေရ် စီရင်အပ်သော အနာဂတဝင် အဋ္ဌကထာ၊ အမည်မသိဆရာ စီရင်အပ်သော ဒသဗုဒ္ဓ အနာဂတဝင်ပါဠိ-များနှင့်တကွ ရှေးဆရာတို့ စီရင်တော် မူအပ်သော အနာဂတဝင်ပါဠိတော်နိဿယ၊ အနာဂတဝင်အဋ္ဌကထာ၏နိဿယ၊ အနာဂတဝင်ဝတ္ထု ဟူ၍ ရှိလေသည်၊

**၃။ ဒီပဝင်ကျမ်း** သီဟိုဠ်ကျွန်း၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရွှပြွတ်ကို ပြဆိုသော မူလ သီဟဠဘာသာ ဒီပဝင်၊ မာဂဓဘာသာဒီပဝင်ပါဠိ၊ မန္တလေးမြို့ ဒက္ခိဏာရာမ





ပဌမ ဘုရားကြီးဆရာတော် စီရင်အပ်သော ဒီပဝင်ဋီကာ-များနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော ဒီပဝင် နိဿယ၊ ဟသ်ာတမြို့ ကြာခံဆရာတော် စီရင်အပ်သော ဒီပဝင်ဝတ္ထုဟူ၍ ရှိလေသည်၊

**၄။ မဟာဝင်ကျမ်း၊** မြတ်စွာဘုရားသခင်နှင့်တကွ သာသနာပြု သံဃာတော်များ၊ သာသနာပြု ဘုရင်မင်းများ၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရွှပြွတ်ကို ပြဆိုသော မူလ သီဟဠဘာသာ မဟာဝင်၊ သာသနာ ရှစ်ရာကျော်တွင် သီဟိုဠ်ကျွန်း အရှင်မဟာနာမထေရ် စီရင်အပ်သည့် မာဂဓဘာသာ မဟာဝင်ပါဠိ၊ နောက်ဆရာတို့ စီရင်အပ်သော မဟာဝင်နောက်ဆက်တွဲခေါ် စူဠဝင်ပါဠိများနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော မဟာဝင် နိဿယ၊ ကျီးသဲလေးထပ်ကျောင်းဆရာတော် စီရင်အပ်သောမဟာဝင်ဝတ္ထုဟူ၍ ရှိလေသည်၊

**၅။ ဗောဓိဝင်ကျမ်း၊** မဟာဗောဓိနှင့် အာနန္ဒာဗောဓိ ဒက္ခိဏာသာခါ ဗောဓိတို့၏ ဖြစ်စဉ်ဖြစ်ရပ်အကြောင်း အရွှပြွတ်ကို ပြဆိုသော မူလ သီဟဠဘာသာဗောဓိဝင်၊ သီဟိုဠ်ကျွန်း အရှင်မဟာဥပတိဿထေရ်စီရင်အပ်သည့် မဟာဗောဓိဝင်ပါဠိ၊ ပုဂံပြည်ပေါင်လောင်အရှင်မဟာကဿပ စီရင်အပ်သောမဟာဗောဓိဝင် ဋီကာနှင့်တကွ ဒုတိယငံ့ဆရာတော်စီရင်အပ်သောမဟာဗောဓိဝင် နိဿယ၊ အမည်မသိဆရာ စီရင်အပ်သော မဟာဗောဓိဝင် ဋီကာနိဿယ၊ ဗောဓိဝင်ဝတ္ထုဟူ၍ ရှိလေသည်၊

**၆။ ဒါဌာဓာတုဝင်ကျမ်း၊** စွယ်တော်မြတ်၏ ဖြစ်စဉ် ဖြစ်ရပ် အကြောင်း အရွှပြွတ်ကို ပြဆိုသော မူလသီဟဠဘာသာဒါဌာဓာတုဝင်၊ သီဟိုဠ်ကျွန်း အရှင် သဒ္ဓမ္မကိတ္တိထေရ် စီရင်အပ်သော မာဂဓဘာသာ ဒါဌာဓာတုဝင်ပါဠိ၊ အမည်မသိ ဆရာ စီရင်အပ်သော၊ဒါဌာဓာတုဝင် ဋီကာ၊ ဒါဌာဓာတုဝင်နိဿယ၊ ဒါဌာဓာတုဝင်ဝတ္ထုဟူ၍ ရှိလေသည်၊



**၇။ နလာဋဓာတုဝင်ကျမ်း၊** နဖူးသင်းကျစ်တော်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အရွှပြွတ်ကိုပြဆိုသော အမည်မသိ ဆရာများစီရင်သည့် မူလ နလာဋဓာတုဝင်ပါဠိ၊ နလာဋဓာတုဝင် ဋီကာ၊နလာဋဓာတုဝင်နိဿယ၊ ဟသ်ာတမြို့ ကြာခံဆရာတော် စီရင်အပ်သော နလာဋဓာတုဝင်ဝတ္ထုဟူ၍ ရှိလေသည်၊

**၈။ ထူပဝင်ကျမ်း၊** ဟေမမာလီမည်သော သီဟိုဠ်ကျွန်း မဟာစေတီတော်မြတ်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အရွှပြွတ်ကို ပြဆိုသော သီဟိုဠ်ကျွန်း အရှင်ဝါစိဿရထေရ် စီရင်အပ်သည့် မူလ ထူပဝင်ပါဠိ၊နှင့်အမည်မသိ ဆရာများ စီရင်အပ်သည့် မဟာထူပဝင်ပါဠိ၊စူဠထူပဝင်ပါဠိ၊ထူပဝင်နိဿယ၊ ဟသ်ာတမြို့ ကြာခံဆရာတော် စီရင်အပ်သောထူပဝင်ဝတ္ထု ဟူ၍ ရှိလေသည်၊

**၉။ ရွှေပြည်ဝင်ကျမ်းစသည်** မြတ်စွာဘုရားသခင်နှင့် အဂ္ဂသာဝက အရှင်မြတ် ၂-ပါးတို့၏ ပရိနိဗ္ဗာန်ပြုတော်မူပုံအကြောင်းအရာကို ပြဆိုသော အမည်မသိဆရာ စီရင်သည့် ရွှေပြည်ဝင်ဝတ္ထု၊ ခြောက်ဆူသော ဆံတော်မြတ်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရွှပြွတ်ကို ပြဆိုသော အမည်မသိ ဆရာစီရင် အပ်သည့် ဆံကေသဓာတုဝင်ပါဠိ၊ သာသနာပြု ဆရာအစဉ်အဆက်ကို ပြဆိုသော မောင်းထောင် ဆရာတော် စီရင်သည့် သာသနာဝံသဒီပိကာပါဠိ နှင့် သာသနာလင်္ကာရ စာတမ်း၊ မည်သည့်ကျမ်းပန်ကို မည်သည့်ဆရာပြုသည်ဟု ကျမ်းဂန်များနှင့် ကျမ်းပြုဆရာများကို ပြဆိုသော အမည်မသိ ဆရာစီရင်သည့် မူလ ဂန္ထဝင်ပါဠိ၊ကျီးသဲလေးထပ်ကျောင်းဆရာတော် စီရင်သည့် နိဿယဂန္ထဝင်ပါဠိ၊ မင်းစဉ်မင်းဆက်ကို ပြဆိုသော ရာဇဝင်ကျမ်းဟူ၍ ရှိလေသည်၊